## KHRG မှ စောအိုမူးအား ချီးကျူးဂုဏ်ပြုခြင်း



Photo: Karen Environmental and Social Action Network (KESAN)

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူ၊ဒေသခံလူထုခေါင်းဆောင်၊ ငြိမ်းချမ်းရေးအတွက်စည်းရုံး လှုံ့ဆော်ရေးတွင် စွမ်းစွမ်းတမံ လုပ်ဆောင်သူဖြစ်သည့် စောအိုမူး၏ အဖြစ်ဆိုးအတွက် ကရင့်လူ့အခွင့်အရေး အဖွဲ့ (KHRG) မှ အလွန်ကြေကွဲဝမ်းနည်းရပါသည်။ ၂၀၁၈ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် မူတြော် (ဖါပွန်) ခရိုင်၊ လယ်မူပလောဒေသတွင် ဖြစ်ပွားနေသောတိုက်ပွဲမှ ရွှေ့ပြောင်းခဲ့ရသောရွာသားများအား လူသားချင်းဆိုင်ရာကူညီထောက်ပံ့ခြင်းကိစ္စရပ်များ အားဆောင်ရွက်ရန် အစည်းဝေးပွဲတရပ်ပြုလုပ်ကျင်းပပြီးနောက် ၎င်း၏အိမ်သို့ ပြန်လာချိန်တွင် စောအိုမူးသည် တပ်မတော်မှ ပစ်သတ်ခြင်းကိုခံခဲ့ရသည်။ တိုက်ပွဲများ စတင်ဖြစ်ပွားချိန် မတ်လ ၄ရက်မှ စ၍ ၂၄၀၀ကျော်သော ရွာသားများသည် ၎င်းတို့အိုးအိမ်များကို စွန့်ပစ်ထွက်ပြေးရန် ဖိအားပေးခံခဲ့ရသည်။

မတ်လ ၄ ရက်၊ လယ်မူပလောတွင် ဗမာစစ်တပ်မှ စတင်တိုက်ခိုက်ခြင်းများကြောင့် ထွက်ပြေးခဲ့ရသော စောအိုမူးနှင့် ဇနီးသည် နော်ဖောသနှင့် ၎င်းတို့၏ကလေးငယ် ၇ ဦး တို့သည် အသက်ရှင်ခဲ့သည်။ တောထဲတွင်ပုန်းနေရန် သူ၏ဇနီးနှင့်သားသမီး နောက်သို့လိုက်သွားနိုင်သော်လည်း စောအိုမူးသည် ဗမာစစ်သားများ၏တိုက်ခိုက်မှုကြောင့် ဒုက္ခခံစားနေရသော ၎င်း၏ဒေသခံပြည်သူများအတွက် အကာအကွယ်ပေးရန် လယ်မူပလောရှိ သူ၏အိမ်တွင်ကျန်ရှိနေရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"စောအိုမူး" သေဆုံးသွားသဖြင့် မုဆိုးမအဖြစ်ကျန်ရှိခဲ့သော ဇနီးသည် သားသမီး ၇ ဦးကိုထောက်ပံ့ရန် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နေရသည်။ လက်ရှိအင်တာဗျူးတစ်ခုတွင် စောအိုမူး၏ဇနီးမှ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)ကို ဤကဲ့သို့ပြောခဲ့သည်။ ***"အခုချိန်မှာ ကျွန်မဘဝဟာ ဘက်ပေါင်းစုံက ပြဿနာများစွာကို ရင်ဆိုင်နေရပါတယ်။ ကျွန်မရဲ့မိသားစုအသက်ရှင်နေထိုင်ဖို့အတွက် အလုပ်တွေလုပ်နေရပြီး ကျွန်မရဲ့ကလေးခုနှစ်ယောက်ကို ကြည့်ရှုစောင့်ရှောက်နေပါတယ်။ တပ်မတော်ရဲ့လှုပ်ရှားမှုတွေကြောင့် ကျွန်မဟာ လက်ရှိမှာတောထဲကို ရွှေ့ပြောင်းနေထိုင်နေရတဲ့အတွက် အစားအစာနှင့် ကျန်းမာရေးပြဿနာအများကြီးကြုံတွေ့နေရပါတယ်။"***

ဗမာစစ်သားများသည် ထိုဒေသသို့ချဥ်းကပ်လာသူမှန်သမျှ ပစ်ခတ်သောကြောင့် ယနေ့အချိန်ထိ စောအိုမူး၏မိသားစုသည် ၎င်း၏ခန္ဓာကိုယ်ကို ပြန်လည်ရယူနိုင်ခြင်းမရှိပါ။ ထို့ကြောင့် စောအိုမူး၏မိသားစုသည် ရိုးရာထုံးတမ်းအစဥ်အလာစျာပနကို ကျင်းပနိုင်ခြင်းမရှိပါ။ စောအိုမူး၏အမျိုးသမီးဖြစ်သူက ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG) ကို ယခုကဲ့သို့ပြောခဲ့ပါသည်။

*"ဗမာ (တပ်မတော်) က ဖွက်ထားတဲ့အတွက် ကျွန်မခင်ပွန်းရဲ့ ခန္ဓာကိုယ်ကိုမမြင်ရလို့ အရမ်းစိတ် ပျက်နေပါတယ်။ ကျွန်မတို့ ကရင့်ရိုးရာ နတ်စားယုံကြည်မှုအရ လုပ်ရိုးလုပ်စဉ်တွေအတိုင်း သူ့ရဲ့ ရွာပနကို ကျင်းပချင်ပါ တယ်။"*

ဗမာစစ်တပ်နှင့် ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်တို့အကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသော်လည်း ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် သူ့လူမျိုး၏ဘိုးဘေးတို့မြေများကို ကာကွယ်ပေးချင်သည့် စောအိုမူး၏ကတိသစ္စာပြုလုပ်ဆောင်ချက်များကိုမူ ကျွန်ုပ်တို့ ဘယ်သောအခါမျှ မေ့နိုင်မည်မဟုတ်ပေ။ ၎င်းနှင့်အတူတကွ ရပ်တည်ခဲ့ကြသူများနှင့် မြန်မာနိုင်ငံအတွင်း ကရင်လူမျိုးများအားလုံး၏အခွင့်အရေးအတွက် ဆက်လက်တိုက်ပွဲဝင်နေကြဦးမည့်သူများအားလုံး၏စိတ်နှလုံးသားထဲတွင် စောအိုမူး မည်ကဲ့သို့ကာကွယ်မှုပေးခဲ့သည်ဆိုသည့် လက်ဆင့်ကမ်းအမွေသည် ဆက်လက်ရှင်သန်နေမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ မူတြော် (ဖာပွန်)ခရိုင်အတွင်း ရွာသားများ၏ အသံကိုထုတ်ဖော်ခြင်းဖြင့် စောအိုမူးထားရှိခဲ့သောအမွေကို ဂုဏ်ပြုရန်ရည်ရွယ်ထားပြီး၊ မြန်မာအစိုးရမှ မူတြော် (ဖာပွန်)ခရိုင်အတွင်းဖြစ်ပွားနေသော ထိုးစစ်ဆင်ခြင်းကို ရပ်တန့်စေရေး၊ လက်ငင်းအရေးယူခြင်းပြုလုပ်ရန် နှင့် ကရင်ဒုက္ခသည်များ၊ IDPs များကို ၎င်းတို့နေရပ်ဒေသများသို့ လုံခြုံစွာပြန်နိုင်ရေးကိုအာမခံရန် တောင်းဆိုလိုက်သည်။ ကျွန်ုပ်တို့မှ မြန်မာအစိုးရအား ဗမာစစ်တပ်ကို အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA)တွင်ပါသော စစ်စည်းမျဉ်းစည်းကမ်းများအရဗမာတပ်မတော်မှ လိုက်နာလုပ်ဆောင်ရန် သေချာအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး စောအိုမူးသေဆုံးခြင်းအတွက် ကျူးလွန်သူမှလည်း တာဝန်ယူမှုတာဝန်ခံမှုရှိရန် နှင့် ၎င်းတို့အတွက် တရားမျှတမှုရရှိအောင် ဆောင်ရွက်ပေးရန် တောင်းဆိုလိုက်သည်။